## ၁ နှင့် ၂ ဘုရင်များစာစောင်

Message Six

# အသက်ရှင်သော ဘုရားသခင်၏ ဗိမာန်တော်အဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် တဲတော်အသင်းတော်အသက်တာမှ ဗိမာန်တော်အသင်းတော်အသက်တာသို့ သခင်ဘုရားနှင့်အတူ ရှေ့ဆက်တက်လှမ်းခြင်း

ဖတ်ရန်ကျမ်း။ ။ မ၁၂း၃-၄၊ ၄၂။ ယော၁၄း၂၁၊ ၂၃။ ရော၈း၂၈-၂၉။ ဆာ၂၇း၄။ ၃၆း၈-၉။ ၄၃း၄။ ၈၄း၄-၅

**I. ကျွန်ုပ်တို့အတွင်းရှိ သခင်ဘုရားသည် စိတ်၏ ကန္တာရတောရှိ တဲတော်အသင်းတော် အသက်တာမှ ကျွန်ုပ်တို့၏ဝိညာဉ်ရှိ ကောင်းသောမြေ၏ စစ်မှန်ခြင်းအဖြစ် ခရစ်တော်၊ အရာအားလုံးပါဝင်သောဝိညာဉ်တော်ဖြင့် ဗိမာန်တော်အသင်းတော်အသက်တာသို့ ရှေ့ဆက်တက်လှမ်းရန် ဆန္ဒပြင်းပြလျက်ရှိသည် - ဟေဗြဲ၆း၁က။ ယောရှု၃း၁၄-၁၇။ တရား၈း၈။ ဧ၂း၂၁-၂၂။ ကော၁း၁၂။ ၂း၆-၇။**

**II. တဲတော်နှင့် ဗိမာန်တော်သည် အသင်းတော်၏ ပုံပန်းသွင်ပြင်နှစ်ခုကို ပုံဆောင်သည်။**

A. ၁ဘုရင် ၈း၁-၁၁ တွင် တဲတော်သည် ဗိမာန်တော်နှင့် ပေါင်းသွားကြောင်းကို ပြသထားသည်။ တဲတော်သည် ကန္တာရတော တစ်လျှောက် ရွေ့လျားသွားလာခဲ့သည့် သယ်ရလွယ်သော ရှေ့ပြေးပုံစံဖြစ်ပြီး၊ ဗိမာန်တော်သည် ပုံဆောင်ချက်၌ ဘုရားသခင့်တည်ဆောက်ခြင်း၏ ပြီးမြောက်ပြည့်စုံခြင်း ဖြစ်သည်။

B. တဲတော်၏ ကြီးမားကျယ်ပြန့်ခြင်းအဖြစ် ဗိမာန်တော်သည် အသင်းတော်၏ ခွန်အားသန်စွမ်းခြင်းနှင့် တည်ငြိမ်ခြင်းကို ပုံဆောင်ပြီး၊ ဗိမာန်တော်ရှိ ပရိဘောဂ၏ အသစ်ပြုပြင်ခြင်းနှင့် ကြီးမားကျယ်ပြန့်ခြင်းသည် သန့်ရှင်းသူများက ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၏ အသစ်ပြုပြင်ခြင်းနှင့် ကြီးမားကျယ်ပြန့်ခြင်းကို ပုံဆောင်သည်။ ဗိမာန်တော်၏ထုထည်ပမာဏနှင့် ဗိမာန်တော်ရှိ အသန့်ရှင်းဆုံးဌာန၏ ထုထည်ပမာဏတို့မှာ တဲတော်၏ ထုထည်ပမာဏထက် နှစ်ဆပိုသည်။ ထိုမျှမက သေတ္တာတော်မှလွဲ၍၊ ပရိဘောဂများနှင့် အသုံးအဆောင်များ၏ အရွယ်အစားနှင့် အရေအတွက်သည် ကိုယ်တော်၏ ကြီးမားကျယ်ပြန့်သော ထင်ရှားခြင်းအတွက် လွန်စွာ ကြီးမားကျယ်ပြန့်လာခဲ့သည် - ၆း၂၊ ၂၀။ ၂ရာ၄း၁-၈။ ညွှန်း၊ ထွ၂၆း၃၊ ၁၆၊ ၁၈၊ ၂၂-၂၄၊ ၃၃။

C. တဲတော်သည် မြေကြီးပေါ် ဘုရားသခင်၏အသင်းတော် သို့မဟုတ် ဒေသန္တရများရှိ ကိုယ်တော်၏အသင်းတော်ကို ပုံဆောင်ပြီး၊ ဗိမာန်တော်သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သော အသင်းတော်ကို ပုံဆောင်သည်။ ဒေသန္တရအသင်းတော်များသည် ကျွန်ုပ်တို့ကို ဘုရားသခင့်စီမံကိန်း၏ ဘုန်းထင်ရှားသော ပန်းတိုင်ဖြစ်သည့်

ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း အထဲသို့ ခေါ်ဆောင်ပေးမည့် အဖိုးထိုက်တန်သော လမ်း စဉ်မှန်ဖြစ်သည် - ဧ၊၁း၂၂-၂၃။ ညွှန်း၊ ဗျာ၊၂၁း၁၀-၁၁။

D. တုနှိုင်းရာမဲ့သောအမှုတော်သည် ဘုရားသခင်၏တုနှိုင်းရာမဲ့ သက်သေခံချက်အတွက် ဖြစ်ပြီး၊ ဘုရားသခင်၏ တုနှိုင်းရာမဲ့ သက်သေခံချက်၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် ဒေသန္တရအသင်းတော်များ၌ သိနားလည်ရသည် - ထွ၊၂၅း၂၂။ ၃၈း၂၁။ ဗျာ၊၁း၂၊ ၉။ ညွှန်း၊ ဧ၄း၄။ ယော၊၁၆း၁၃။

E. ကောရိန္သုပထမစောင် ၁၂ တွင် ဖော်ပြထားသည့် ကိုယ်ခန္ဓာတော်မှာ ဒေသန္တရအသင်း တော်တွင် ရှိသင့်သည့် သက်သေခံချက်ဖြစ်သည်။ ၎င်းသည် ကိုယ်ခန္ဓာတော်၏ သက်သေခံချက်ဖြစ်သည်။ ယနေ့ ဒေသန္တရအသင်းတော်သည် ခရစ်တော်၏ ကိုယ် ခန္ဓာတော်စစ်မှန်ခြင်းကို ထင်ရှားသော သက်သေခံချက် ဖြစ်ရမည်ဖြစ်သည် - အငယ်၊ ၁၄-၁၈၊ ၂၀။

F. အသင်းတော်သည် တစ်လုံးတစ်ဝဖြစ်ခြင်း၏ သက်သေခံချက်အတွက် ဖြစ်တည်နေ ခြင်းဖြစ်သည်။ ကျွန်ုပ်တို့က "ဒေသန္တရအသင်းတော်"ကို ညွှန်းဆိုသည့်အခါ၊ ကျွန်ုပ်တို့ ၏အလေးပေးသည့်အချက်မှာ အသင်းတော်အပေါ်တွင်ဖြစ်ပြီး၊ "ဒေသန္တရဆိုင်ရာဖြစ် ခြင်း"အပေါ်မဟုတ်ပါ။ အသင်းတော်များက ပိုင်ဆိုင်သည့် အသက်သည် တစ်လုံးတစ်ဝ ဖြစ်ခြင်း၏အသက်ဖြစ်သည် - ယော၊၁၇း၁၁၊ ၂၁၊ ၂၃။ ဗျာ၊၁း၁၀-၁၂။

G. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း သက်သေခံချက်မှာ ဘုရားသခင်၏ နောက် ဆုံးသော ပြန်လည်ရယူခြင်း - ခရစ်တော်သည် ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်ခြင်းနှင့် အတူ၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့်အတူ၊ ကိုယ်ခန္ဓာတော် ၏ အင်္ဂါဝင်များအားလုံး လှုပ်ရှားပါဝင်ခြင်းနှင့်အတူ ဘုရားသခင့်ထာဝရစီမံကိန်းကို ပြန်လည်ရယူခြင်း ဖြစ်သည် - ၁တိ၊၁း၃-၆။ ၆း၃-၅။ ဟေဗြဲ၊၁၃း၉။ ဧ၊၁း၁၇။ ၃း၂၊ ၈-၁၁၊ ၁၆-၂၁။ ၄း၁-၆၊ ၁၆။

**III. ယောဟန်၏ဝေံဂေလိတရားသည် အသက်ရှင်သော ဘုရားသခင်၏ဗိမာန်တော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် အသက်ဖြစ်သော ခရစ်တော်၏ဝေံဂေလိ တရား ဖြစ်သည်။ ဤတည်ဆောက်ခြင်းအလုပ်သည် ကျွန်ုပ်တို့က ကားတိုင်ပေါ်အသေခံ ကာ၊ ရှင်ပြန်ထမြောက်သော ခရစ်တော်ကို အသက်ပင်အဖြစ် တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းမှတစ်ဆင့် သယ်ဆောင်ခံရခြင်း ဖြစ်သည် - ဗျာ၊၂း၄-၅။ ၁ပေ၊၂း၂၄။ ယော၊၁၁း၂၅။ ၆း၅၇၊ ၆၃။ ၂ကော၊၆း၁၆။**

A. အသက်၏အလေ့အလာသည် သေခြင်းမှ အသက်အထဲသို့ ပြောင်းလဲခြင်းဖြစ်ပြီး (ယော၊၂း၁-၁၁)၊ အသက်၏အကြံအစည်သည် ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်

၏ဗိမာန်တော်ဖြစ်သည့် အသင်းတော်ကို တည်ဆောက်ရန် ဖြစ်သည် (အငယ်၊ ၁၂-၂၂)။ သို့ဖြစ်၍ သခင်ဘုရားက "ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်"ဟု ကြွေးကြော်ခဲ့ခြင်း ဖြစ်သည် (အငယ်၊၁၉)။

B. ကိုယ်တော်၏အသေခံခြင်း၊ ကားတိုင်ပေါ် ကိုယ်တော်၏ ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကို ဖျက်ဆီးခြင်းဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏ လွန်ကျူးခြင်းများနှင့် ဒုစရိုက်များကို ခံယူ၍၊ ကျွန်ုပ်တို့ကို ရွေးနုတ်ကာ ဖြောင့်မတ်ရာသို့ရောက်စေပြီး၊ ကိုယ်တော်၏ အသေခံတော်မူခြင်းမှာ ကျွန်ုပ်တို့၏ ဖျားနာခြင်းများကို အနာငြိမ်းစေရန်အတွက် ဖြစ်လေသည် - ဟေရှာ၊၅၃း၄-၆။ ရော၊၃း၂၃-၂၆။ ၁ပေ၊၂း၂၄။

C. သခင်ဘုရား၏ ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကို ဖျက်ဆီးခြင်းမှာ သေခြင်း၏တန်ခိုးရှိသူ မာရ်နတ်ကို ဖျက်ဆီးခြင်းလည်း ဖြစ်သည်။ ကားတိုင်ပေါ် ကိုယ်တော်အသေခံသော အခါ၊ ဖန်ဆင်းခြင်းအဟောင်း၊ လူဟောင်း၊ အသွေးအသား၊ စာတန်၊ အပြစ်၊ အပြစ်များနှင့် လောကသည် ကားတိုင်ပေါ်အသေခံခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍၊ ဘုရားသခင်၏ အမြင်၌ ခရစ်တော်ကားတိုင် ပေါ်အသေခံခြင်းပြီးနောက်၊ စကြဝဠာတစ်ခုလုံးသည် ရှင်းလင်းခံရပြီဖြစ်သည် - ဟေဗြဲ၊၂း၁၄။ ရော၊၆း၆။ ဂလ၊၂း၂၀။၅း၂၄။ ယော၊၁း၂၉။ ၃း၁၄။ ၆း၇၀-၇၁။ ၁၂း၃၁။ မ၊၁၆း၂၃။ ၁ကော၊၁၅း၃။

D. သခင်ဘုရား၏ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကို ဖျက်ဆီးခြင်းနှင့် သုံးရက်မြောက်နေ့တွင် ကိုယ်တော်ထမြောက်ခြင်းတို့မှာလည်း ကိုယ်တော်သည် ဂျုံမျိုးစေ့အဖြစ် အသေခံခြင်း နှင့် ဘုရားသခင်၏ ဘုရားဆိုင်ရာအသက်ကို ဘုရားသခင်၏ ဘုရားဆိုင်ရာ မီးအဖြစ် ကိုယ်တော်၏ များစွာသော ယုံကြည်သူများအထဲသို့ လွှတ်မြောက်စေခြင်းနှင့် ဝေငှဖြန့် ဖြူးခြင်းဖြင့် ကိုယ်တော်၏ များစွာသော ယုံကြည်သူများကို ဘုရားသခင်၏ ပုံတူမှုပွား ဖြစ်စေခြင်းငှာ ရှင်ပြန်ထမြောက်ခြင်းလည်း ဖြစ်သည် - ယော၊၁၂း၂၄။ လု၊၁၂း၄၉-၅၁။

E. ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကိုယ်တော်၏ ရုပ်ပိုင်း ဆိုင်ရာကိုယ်ခန္ဓာသည် ကိုယ်တော်၏ စုပေါင်းထားသော၊ နက်နဲခြင်းဆိုင်ရာ ကိုယ်ခန္ဓာ တော်အဖြစ်သို့ တိုးပွားလာကာ၊ ယင်းသည် ဘုရားသခင်၏ စကြဝဠာဆိုင်ရာ ဗိမာန် တော်၊ အသက်ရှင်သော ဘုရားသခင်၏အိမ်တော်အဖြစ် အသင်းတော် ဖြစ်သည် - ၁ကော၊၃း၁၆-၁၇။ ၁တိ၊ ၃း၁၅။ ၁ပေ၊၂း၅။ ဧ၊၂း၂၁-၂၂။

F. များစွာသောအခန်းများမှာ ဘုရားသခင်၏ဗိမာန်တော်ဖြစ်သည့် ခရစ်တော်၏ ကိုယ် ခန္ဓာတော်ရှိ များစွာသောအင်္ဂါဝင်များ ဖြစ်ကြသည် - ယော၊၁၄း၂၊ ၂၃။ ရော၊၁၂း၅။ ၁ကော၊၃း၁၆-၁၇။

G. ခရစ်တော်၏ အသက်ထုတ်လွှတ်ပေးသော အသေခံခြင်းအားဖြင့် ထုတ်လုပ်သော များစွာသော စပါးစေ့များနှင့် ခရစ်တော်၏ အသက်ဝေငှဖြန့်ဖြူးသော ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ထုတ်လုပ်သော ခရစ်တော်၏နက်နဲခြင်းဆိုင်ရာ ကိုယ်ခန္ဓာတော်၏ များစွာသော အခန်းများအဖြစ် ကျွနုပ်တို့သည် ကျွနုပ်တို့၏မြေကြီးတန်ဆာများရှိ ဘဏ္ဍာ၏ တန်ခိုးအားဖြင့် ရှင်ပြန်ထမြောက်ခြင်းအသက်ကို ထင်ရှားပေါ်ထွန်းစေခြင်းအတွက် ကားတိုင်တင်ခံရသောအသက်တာကို အသက်ရှင်ခြင်း၌ ကိုယ်တော်ကို အဆုံးစွန်ချစ်သောသူများ ဖြစ်ရမည်ဖြစ်သည် - ယော၊၁၄း၂၁၊ ၂၃။ ရော၊၈း၂၈-၂၉။ ၂ကော၊ ၄း၇-၁၈။ ၁၂း၇-၉။

## IV. ဒါဝိဒ်နှင့် ရှောလမုန်သည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ပုံပန်းသွင်ပြင်နှစ်ခု၌ ရှိသော ခရစ်တော်ကို ပုံဆောင်သည်။

A. ဒါဝိဒ်သည် ခရစ်တော်ကို ကိုယ်တော်၏ ဘုရား-လူအသက်ရှင်ခြင်းနှင့်အတူ လူ့ဇာတိခံခြင်းနှင့် အသေခံတော်မူသည့်တိုင် ဒုက္ခခံရခြင်း (နွားစားခွက်မှ ကားတိုင်) အထိ ပုံဆောင်ခြင်းဖြစ်သည် - မ၊၁၂း၃-၄။ ၂၂း၄၁-၄၆။

B. ရှောလမုန်သည် ခရစ်တော်ကို ဘုန်းတော်၌ ရှင်ပြန်ထမြောက်ခြင်းတွင် ပုံဆောင်ပြီး၊ အသက်ပေးသောဝိညာဉ်တော်အဖြစ် ကျွနုပ်တို့၌ရှိနေခြင်း (ကိုယ်တော်၏ ပလ္လင်ပေါ် စိုးစံခြင်းနှင့် မြေကြီးပေါ် ကိုယ်တော်၏နိုင်ငံတော်အပေါ် အုပ်စိုးရန် ဒုတိယ ပြန်ကြွလာခြင်းတို့အပါအဝင်)၊ ဘုရားသခင်၏ ဗိမာန်တော်ဖြစ်သော အသင်းတော်ကို တည်ဆောက်ရန် ဘုရားသခင်၏ ပညာစကားကို ပြောခြင်းတို့၌ ပုံဆောင်ခြင်းဖြစ်သည် - ၁၂း၄၂။ ၂ရာ၊၁း၁၀။ ၁ကော၊၁း၂၄၊ ၃၀။ ၁၂း၈။

C. ဘုရားသခင်က "ထိုသူအား သက်သေခံတော်မူလျက်၊ စိတ်နှလုံးတော်၌ ညီညွတ်သည် ဖြစ်၍၊ ငါ့အလိုကို ပြည့်စုံစေမည့်သူ၊ ယေရှဲ၏သား ဒါဝိဒ်ကို ငါတွေ့ရပြီဟု မိန့်တော်မူ၏" (တ၊၁၃း၂၂)။ ဒါဝိဒ်သည် "မိမိကာလ၌ ဘုရားသခင်၏ အလိုတော်ကို ဆောင်ရွက်လေ၏" (အငယ်၊၃၆)။ သူသည် ဘုရားသခင်၏ စိတ်နှလုံးတော်အတိုင်း ဖြစ်သောသူဖြစ်သည် (၁ရှမွေ၊၁၃း၁၄)၊ အကြောင်းမှာ ရှောလမုန်က "အစ္စရေးအမျိုး၏ ဘုရားသခင် ယေဟောဝါ၏ နာမတော်အဖို့ အိမ်တော်ကို တည်ဆောက်ခြင်းငှာ၊ ငါ့ခမည်းတော် ဒါဝိဒ်သည် စိတ်နှလုံးရှိသောအခါ"ဟု သက်သေခံခဲ့သည် (၁ဘုရင်၊၈း၁၇-၂၀။ ညွှန်း၊ ၆း၅၊ ၉။ ၁ကော၊၁၂း၁၂-၂၇ -အငယ်၊၁၃ ၏မှတ်စု ၂ ကိုကြည့်ပါ)။

D. ဒါဝိဒ်သည် ငယ်သောအရွယ်မှစ၍ ဒုက္ခခံခဲ့ရသည်၊ သို့သော် သူ၏ဒုက္ခခံရခြင်းမှတစ်ဆင့် သူသည် ပစ္စည်းများကို ပြင်ဆင်ခြင်း၊ ဗိမာန်တော်ကို တည်ဆောက်ခြင်းအတွက် မှန်ကန်သင့်လျော်သော မြေကို ရယူခဲ့ခြင်းနှင့် တည်ဆောက်သူ ရှောလမုန် နှင့်

ကူညီပေးမည့်သူအားလုံးတို့ကို ပြင်ဆင်ခြင်း ရှိခဲ့သည် - ၁ရာ၊၂၁း၁၈-၃၀။ ၂ရာ၊၃း၁။ ၁ရာ၊၂၈း၉-၁၁၊ ၂၀-၂၁။

E. ဒါဝိဒ်သည် ဘုရားသခင်၏ဗိမာန်တော် တည်ဆောက်ခြင်းအတွက် ပစ္စည်းများကို ပေါများကြွယ်ဝစွာ ပြင်ဆင်ထားခြင်းမှာ ခရစ်တော်သည် ဘုရားသခင်၏အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ကိုယ်တော်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများဖြင့် မစပေးနေခြင်းအား ပုံဆောင်ခြင်းဖြစ်သည် -၁၈း၇-၁၁။ ၂၂း၂-၅၊ ၁၄-၁၆က။ ၂၈း၂။ ၂၉း၂-၉။ ဧဖက်၊ ၃း၈-၁၀။

F. ဒါဝိဒ်သည် သူ၏နှိပ်စက်ခံရခြင်း၌ (၁ရာ၊၂၂း၁၊ ၁၄)၊ သူ၏ ဘေးဒုက္ခခံရခြင်းများ၌၊ သူ၏တိုက်ခိုက်ခြင်းများတွင် အောင်မြင် မှုများ၌ ပြင်ဆင်မှုရှိခြင်းတို့မှာ ခရစ်တော်သည် ဘုရားသခင်၏အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ကိုယ်တော်၏ ဘေးဒုက္ခခံရခြင်းများ၌၊ စာတန်နှင့်သူ၏မှောင်မိုက်တန်ခိုးကို ဆန့်ကျင်တိုက်ခိုက်သည့် ကိုယ်တော်၏ အသက်တော် အောင်နိုင်ခြင်း၌ ကြွယ်ဝသော မစမှုကို ပုံဆောင်ခြင်းဖြစ်သည် (မ၊ ၄း၄၊ ၇၊ ၁၀)။

G. ဒါဝိဒ်ထံသို့ ပေးခဲ့သော ဗိမာန်တော်၏ ပုံစံမှာ "ဝိညာဉ်တော်အားဖြင့် ရရှိသောပုံစံ" ဖြစ်သည် (၁ရာ၊၂၈း၁၂)။ "ထိုပုံများ ရှိသမျှတို့ကို ရေးထားသည်အတိုင်း၊ နားလည်နိုင်သော ဉာဏ်ပညာကို ယေဟောဝါသည် ပေးတော်မူသည်ဟု ဒါဝိဒ်ဆို၏" (အငယ်၊၁၉။ ဧဖက်၊ ၂ကော၊၃း၃)။ ရှောလမုန်အားဖြင့် တည်ဆောက်ခဲ့သော ဗိမာန်တော်သည် ဤပုံစံ နမူနာအတိုင်း ဖြစ်လေ သည် (၁ရာ၊၂၈း၁၁)။

H. ဒါဝိဒ်သည် ဘုရားသခင်၏ဗိမာန်တော်နှင့် စပ်လျဉ်း၍ ဘုရားသခင်ထံသို့ အစ္စရေးလူတို့၏ အစေခံခြင်းများအား အစီအစဉ် တကျ စီစဉ်ခြင်းမှာ (၆း၃၁-၄၈။ အခန်း ၂၃ မှ ၂၆) ဝိညာဉ်တော်က ဓမ္မသစ်တွင် အသင်းတော်အစေခံခြင်းများကို အစီအစဉ်တကျ စီစဉ်ခြင်းအား ပုံဆောင်ပြီး (၁ကော၊၁၂း၄-၂၇)၊ ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်သည့် ခရစ်တော်က အင်္ဂါဝင်များအားလုံး စောင့်ထိန်းရန်အတွက် ကိုယ်ခန္ဓာတော်၌ အစီအစဉ်တကျဖြစ်ခြင်းကို ချမှတ်ထားခြင်းအား ပုံဆောင်ခြင်းဖြစ်သည် (အငယ်၊၁၈။ ၁၄း၄၀)။

I. အသင်းတော်၏ အသေးစိတ်ပုံစံသည် ရှင်ပြန်ထမြောက်ခြင်း၏ ဝိညာဉ်တော် - အရာအားလုံးပါဝင်သော၊ အသက်ပေးသော၊ ပေါင်းစပ်ထားသော၊ ကိန်းဝပ်နေသော ဝိညာဉ်တော် ဖြစ်သည်။ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၏ ဝိညာဉ်တော်ကို ကျွန်ုပ်တို့၏ ဝိညာဉ်၌ အသက်ရှင်ကြသည့်အခါ၊ ဒါဝိဒ်၏ ပုံစံဒီဇိုင်းအတိုင်း ရှောလမုန်က ဗိမာန်တော်ကို တည်ဆောက်ခြင်း၏ စစ်မှန်ခြင်း (ခရစ်တော်၏ ဘုရား-လူအသက်ရှင်ခြင်း၊

အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း အားလုံးပါဝင်ခြင်းနှင့်အတူ) သည် ကျွန်ုပ်တို့ အတွင်း၌ ပြီးပြည့်စုံလျက်ရှိနေသည် - ယော၊၂း၁၉။ ဖိ၊၁း၁၉။ ဧ၊၁း၁၇။ ၂း၂၂။ ၃း၅၊ ၁၆။ ၄း၂၃။ ၅း၁၈။ ၆း၁၈။

J. ရှောလမုန်၏အမည်သည် "ငြိမ်သက်ခြင်း"ဟု ဆိုလိုပြီး၊ အသင်းတော်သည် "နားခိုခြင်း၏လူ"ဖြစ်သော ခရစ်တော်အားဖြင့် ငြိမ်သက်ခြင်း၌၊ မည်သည့်ဆူညံမှုမျှမရှိဘဲ တည်ဆောက်ခြင်းဖြစ်ကြောင်း ဆိုလိုသည် - ၁ရာ၊၂၂း၉။ တ၊၉း၃၁။ ဧ၊၄း၂၉-၃၂။

1. ဗိမာန်တော်ကို တည်ဆောက်ခြင်းအတွက် အသုံးပြုသည့် ကျောက်မှန်သမျှသည် မူအလေ့အလာ၌ တောင်ပေါ်တွင် ဖြတ်တောက်ခြင်း၊ ဖြေရှင်းခြင်း ခံရပြီးသား ဖြစ်သည်။ ထို့ကြောင့် တူ၊ ပုဆိန်၊ သံတန်ဆာတို့၏အသံကို မကြားရဘဲ၊ ဗိမာန်တော်ကို တိတ်ဆိတ်စွာ တည်ဆောက်ခဲ့ခြင်းဖြစ်သည် - ၁ဘုရင်၊၅း၁၅-၁၈။ ၆း၇။
2. သခင်ဘုရားအားဖြင့် ဆက်ဆံဖြေရှင်းမခံရသော ညီအစ်ကိုတစ်ဦး (မနားတမ်း စကားပြောသူ၊ ကောင်းစွာနားထောင် ခြင်းမရှိသောသူ၊ အသစ်ပြုပြင်ခံရသော အသိဉာဏ်မရှိသောသူ) သည် အသက်ကြီးသူတစ်ဦး ဖြစ်လာမည်ဆိုလျှင်၊ အသင်းတော်သည် တူ၊ ပုဆိန်နှင့် သံတန်ဆာတို့၏ ဆူညံသံဖြင့် ပြည့်နေလိမ့်မည်ဖြစ်သည်။ "ဆူညံသံ"အချို့မှာ သန့်ရှင်းသူတစ်ဦးက အခြားသူတစ်ဦး၏ ဆုတောင်းချက်ကို ဖျက်လိုဖျက်ဆီးလုပ်ရန် ဆုတောင်းခြင်းအားဖြင့် အချင်းချင်း တိုက်ခိုက်နေကြခြင်းမျိုး ဖြစ်နိုင်သည် - ညွှန်း၊ ဟေရှာ၊၅၀း၄-၅။ ဧ၊၄း၂၃။
3. အသင်းတော်၌ ကျွန်ုပ်တို့သည် အခြားသူများ၏ ပြစ်တင်ဝေဖန်ခြင်း၊ စီရင်ခြင်း၊ ငြင်းခုံခြင်းနှင့် ဆန့်ကျင်ခြင်းတို့ကို ကြားရသောအခါ၊ ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးဌာနအထဲသို့ ဆုတ်သွားရမည်၊ ယင်းမှာ ကျွန်ုပ်တို့ဝိညာဉ်အထဲသို့ ဆုတ်ခွာရမည်၊ လှည့်ပြန်လာရမည်ဖြစ်သည်။ ဗိမာန်တော်သည် တိတ်ဆိတ်ခြင်း၌ တည်ဆောက်ခဲ့ခြင်း ဖြစ်သည် - ဂလ၊၆း၁၇-၁၈။ ဟေရှာ၊၃၀း၁၅က။
4. သေတ္တာတော်သည် နားနေပြီးနောက်၊ ဒါဝိဒ်က ယေဟောဝါ၏အိမ်တော်၌ သီချင်းဆိုအစေခံရန် ခန့်ထားသောသူတို့သည် ရှောလမုန်က ယေရုရှလင်မြို့၌ ယေဟောဝါ၏အိမ်တော်ကို တည်ဆောက်ခြင်း မတိုင်ခင်အထိ စည်းဝေးရာတဲ ရှေ့၌ အမှုဆောင်ခဲ့ကြသည် - ၁ရာ၊၆း၃၁-၃၂။

K. ကျွန်ုပ်တို့သည် "ကိုယ်တော်၏အမှုတော်အတွက် ရှင်ဘုရင်နှင့်အတူ ကိန်းဝပ်" နေကြပြီး၊ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော် ကိုယ်တိုင်ကို တည်ဆောက်၍၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ဘုရားသခင်၏အိမ်တော်ဖြစ်သည့် အသင်းတော်၌ တိုင်များအဖြစ်သို့ စုံလင်ခံရစေခြင်းငှာ အသေခံ၍ ရှင်ပြန်ထမြောက်သော ခရစ်တော်အဖြစ် ကိုယ်တော်ကို

မွေ့လျော်ဝမ်းမြောက်ခြင်း ရှိကြသည် - ဓမ္မသီချင်း ၉၀၄။ ဒရာ၊၄း၂၃။ ၁ဘုရင်၊၇း၁၇၊ ၂၁။ ဗျာ၊၃း၁၂။

L. အရာအားလုံးပါဝင်သော ခရစ်တော်ကို ရှင်ပြန်ထမြောက်ခြင်း တန်ခိုးနှင့် အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရား၏ ရှင်ပြန်ထမြောက်သော၊ အသက်ပေးသော ဝိညာဉ်တော် (စစ်မှန်သော၊ သာ၍ကြီးမြတ်သော ရှောလမုန်) အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဆုတောင်းသောလူအဖြစ် ကိုယ်တော်၏ ဘုရား-လူ အသက်ရှင်ခြင်းနှင့်အတူ ခရစ်တော်၏ ဒုက္ခခံရခြင်းများ၌ မိတ်သဟာယဖွဲ့ပါဝင်နိုင်ပြီး၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော် (စစ်မှန်သော သာ၍ကြီးမြတ်သော ဗိမာန်တော်) အဖို့ အလို့ငှာ ကိုယ်တော်၏အသေခံခြင်း (စစ်မှန်သော၊ သာ၍ကြီးမြတ်သော ဒါဝိဒ်) သို့ သဏ္ဌာန်တူညီခြင်း ရှိနိုင်မည်ဖြစ်သည် - ဖိ၊၃း၁၀။ ရော၊၈း၁၁။ မ၊၁၂း၃-၄၊ ၄၂။ ယော၊၂း၁၉-၂၂။ ၂ကော၊၆း၁၆။

**V. အသက်ရှင်သောဘုရားသခင်၏ ဗိမာန်တော်ဖြစ်သော အသင်းတော်ကို တည်ဆောက်ရန် ဘုရားသခင်၏ စဉ်းစားခြင်းများနှင့် နည်းလမ်းများသည် ကျွန်ုပ်တို့၏အရာများထက် ပို၍မြင့်မားသည်။ ကျွန်ုပ်တို့၏နည်းလမ်းများနှင့် ကျွန်ုပ်တို့၏စဉ်းစားခြင်းများကို စွန့်လွှတ်ကာ၊ ကျွန်ုပ်တို့၏ဘုရားသခင် ယေဟောဝါထံသို့ လှည့်ပြန်လာပြီး၊ အသက်ရှင်သောဘုရားသခင်၏အိမ်တော် ဖြစ်သည့် အသင်းတော်၌ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း နည်းလမ်းကို ယူဆောင်ရမည်ဖြစ်သည် - က၊၂း၉။ ယော၊ ၆း၃၅၊ ၅၇၊ ၆၃။ ဟေရှာ၊၅၅း၆-၁၃။ ၅၇း၂၀။ ယော၊၁း၁၄။ ၂း၁၉။ ၃း၃၄။ ၁၇း၁၇။ ဧ၊၅း၂၆။ ၂ကော၊၃း၁၅-၁၈။ ၆း၁၆။ ရော၊ ၈း၂၈-၂၉။ ဗျာ၊၂၂း၁-၂။**

A. ဘုရားသခင်၏သားများအဖြစ် ကျွန်ုပ်တို့၏ခံယူချက်ကို ပြောင်းလဲ၍၊ ဘုရားသခင်၏ အလိုဆန္ဒမှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ပေးအပ်ရန်ဖြစ်ကြောင်း သိနားလည်ဖို့ လိုအပ်သည် - ဆာ၊၃၆း၈-၉။ ၁၆း၁၁။ ၁၉း၈၊ ၂၇း၆။ ၄၂း၄-၅။ ၄၈း၂။ ၆၃း၇။ ၆၆း၁-၂။ ၈၁း၁။ ၈၉း၁၅-၁၈။ ၉၅း၁-၂။ ၁၀၀း၁-၂။ ၁၂၆း၁-၆။ နေ၊၈း၁၀။ ၁ယော၊၁း၃-၄။

1. အသီးကိုသီးခြင်းသည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန် ဖြစ်သည် - ယော၊၁၅း၇-၁၁။
2. ဆုတောင်းခြင်းသည် ဘုရားသခင်ကို မွေ့လျော၀မ်းမြောက်ရန် ဖြစ်သည် - မြည်၊ ၃း၅၅-၅၆။ ဓမ္မသီချင်း ၂၅၅။
3. နှုတ်ကပတ်တော်ကို အမှုဆောင်ခြင်းသည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန် ဖြစ်သည် - ယော၊၆း၅၇၊၆၃။ ၇း၃၇-၃၉။ ၁ကော၊၁၅း၁၀။ ၂ကော၊၃း၁-၆၊ ၁၈။

၂း၁၇။ ၁၃း၃။ ဧ၁၃း၂။ ၁ပေ၊၄း၁၀-၁၁။ ယော၊၁၅း၁၆။ ယေဇ၊၃း၁-၄။ ဟေရှာ၊၅၅း၈-၁၁။

4. ဧဝံဂေလိတရားဟောပြောခြင်းသည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန်ဖြစ်သည် - ယော၊၄း၁၀၊ ၁၃-၁၄၊ ၃၁-၃၄။
5. ကိုယ်တော်၏ဦးဆောင်မှုကို ရရှိခြင်းသည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန် ဖြစ်သည် - ထွ၊၃၃း၁၄။

B. ကျွန်ုပ်တို့အောင်မြင်သောသူများ ဖြစ်နိုင်ရန် ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်း လျှို့ဝှက်ချက်မှာ ဘုရားသခင်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း နည်းလမ်းအား ယူဆောင်ခြင်း ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့သည် ကိုယ်တော်အဖို့ မည်သည့်အရာကိုမျှ လုပ်စေဖို့ မရည်ရွယ်ပါ။ ကိုယ်တော်၏တစ်ခုတည်းသော အလိုဆန္ဒမှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် အစာအဖြစ် ပေးအပ်ရန်ဖြစ်သည် - က၊၂း၉။ ဗျာ၊၂း၇။

C. ကျွန်ုပ်တို့က ယေဟောဝါသည် ကောင်းမြတ်ကြောင်းကို မြည်းစမ်းရခြင်းနှင့် မြင်ရခြင်း (ဆာ၊၃၄း၈) ဘုရားသခင်၏အိမ်တော်၌၊ ဘုရားသခင်၏ဗိမာန်တော်၌၊ တနည်းအားဖြင့်၊ ခရစ်တော်၌ (ယော၊၂း၁၉-၂၂)၊ အသင်းတော်၌ (၁တိ၊၃း၁၅။ ၁ကော၊ ၃း၁၆-၁၇။ ၂ကော၊ ၆း၁၆)၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ (ဧ၊၂း၂၂)နှင့် အဆုံးစွန်အနေဖြင့် ယေရုရှလင်မြို့သစ်၌ ဖြစ်သည် (ဗျာ၊၂၁း၂၂)။

D. ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော် ကိန်းဝပ်ရာနေရာ၊ ဗိမာန်တော်၊ ကိုယ်တော်၏ ဘုန်းတော် တည်ရှိရာ၊ ထင်ရှားခြင်းရှိရန် တည်မြဲနေရာကို ချစ်ကြရမည်ဖြစ်သည် - ဆာ၊၂၆း၈။ ၈၄း၁။ ၂၉း၉ခ။ ဧ၊၃း၂၀-၂၁က။

E. "ယေဟောဝါ၏ အိမ်တော်မှာ / ကျွန်ုပ်၏အသက်တာ နေ့ရက်တစ်လျှောက်လုံး နေရမည်အကြောင်းနှင့် / ယေဟောဝါ၏ တင့်တယ်တော်မူခြင်းကို ဖူးမြင်၍ / ဗိမာန်တော်၌ မေးလျှောက်ခြင်းအကြောင်း / အခွင့်တစ်ခုကို ယေဟောဝါထံမှ ငါ တောင်းလျှောက်ပြီ၊ / ထိုအခွင့်ကို ငါရှာဦးမည်" (ဆာ၊၂၇း၄)။ ယေဟောဝါ၏အိမ်တော်သည် ခမည်းတော်၏ ထင်ရှားပေါ် ထွန်းခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်းနှင့် နားခိုခြင်းအတွက် ကြီးမားကျယ်ပြန့်သော၊ စကြဝဠာဆိုင်ရာဖြစ်သော၊ ဘုရားဆိုင်ရာ-လူသားဆိုင်ရာ ပေါင်းစပ်ဖြစ်တည်ခြင်း ဖြစ်သည် (ယော၊၁၄း၂၊ ၂၀၊ ၂၃)။

F. ခရစ်တော်၌၊ အသင်းတော်၌၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ ကျွန်ုပ်တို့သည် "တည်ရှိနေသော ဘုရားသခင်" အား အိမ်တော်၏ဆီဥအဖြစ် ကျွန်ုပ်တို့ကို ပျော်ဝင်ပြည့်ဝစေရန်၊ ကိုယ်တော်၏ကျေနပ်ခြင်းမြစ်ရေအဖြစ် ကျွန်ုပ်တို့၏ရေငတ်မှုကို ပြေငြိမ်းစေရန်နှင့်အသက်

နှင့် အလင်း၏ စမ်းရေတွင်းအဖြစ် ကျွန်ုပ်တို့ကို ကျွေးမွေးခြင်းနှင့် အလင်းပေးခြင်း ရှိစေရန် မွေ့လျော်ဝမ်း မြောက်ခြင်း ရှိကြသည် - ဆာ၊၃၆း၈-၉။

G. "သို့ပြုလျှင် ဘုရားသခင်၏ ယဇ်ပလ္လင်သို့လည်းကောင်း၊ / အကျွန်ုပ်ဝမ်းမြောက်ရွှင် လန်းရာ ဘုရားသခင်ထံတော်သို့လည်းကောင်း၊ / အကျွန်ုပ်သည် ရောက်လာ၍ ကိုယ်တော်ကို စောင်းတီးလျက် ချီးမွမ်းပါမည်၊ / အို ဘုရားသခင်၊ အကျွန်ုပ်၏ ဘုရားသခင်" - ၄၃း၄။

H. ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏ဗိမာန်တော်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်နှာထား၊ ဘုရားသခင်၏မျက် မှောက်တော် ကယ်တင်ခြင်းကို မွေ့လျော်ဝမ်း မြောက်ကြရသည် (၄၂း၅)၊ ထိုသို့ဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့မျက်နှာထား၏ ကယ်တင်ခြင်း ဖြစ်နိုင်မည်ဖြစ်သည် (အငယ်၊၁၁)။

**VI. "အိမ်တော်၌ နေသောသူတို့သည် မင်္ဂလာရှိပါ၏။ / ကိုယ်တော်ကို အစဉ်ချီးမွမ်းကြပါလိမ့်မည်။ စေလ / ကိုယ်တော်ကို အားပြုသောသူသည် မင်္ဂလာရှိပါ၏။ / ထိုသို့သောသူတို့သည် ဇိအုန်သို့သွားရာ လမ်းမများကို စိတ်နှလုံး သွင်းတတ်ကြပါ၏" - ၈၄း၄-၅။**

A. "နာမတော်ကို ကာလအစဉ်အဆက် ချီးမွမ်းပါမည်" - ၁၄၅း၂ခ။

B. "ငါသည် အသက်ရှင်စဉ်အခါ ယေဟောဝါကို ချီးမွမ်းမည်။ / ငါဖြစ်တည်စဉ်ကာလ ပတ်လုံး ငါ၏ ဘုရားသခင်ကို ဆာလံ သီချင်း ဆိုမည်" - ၁၄၆း၂။

C. "သို့သော်လည်း၊ အစ္စရေးတို့၏ ချီးမွမ်းရာ၌ / ပလ္လင်ပေါ် ထိုင်တော်မူသော ကိုယ်တော်သည် သန့်ရှင်းခြင်း ရှိတော်မူ၏" - ၂၂း၃။

D. "ထို့ကြောင့် ငါတို့သည် ကိုယ်တော်၏နာမတော်ကို ဝန်ခံသောနှုတ်ခမ်းအသီး တည်းဟူသော ချီးမွမ်းခြင်းယဇ်ကို ကိုယ်တော် အားဖြင့် ဘုရားသခင်ရှေ့တော်၌ အစဉ် ပူဇော်ကြကုန်အံ့" - ဟေဗြဲ၊၁၃း၁၅။ ဖိ၊၂း၁၁။